# ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ စံသတ်မှတ်ချက်များ

| စဉ် | အကြောင်းအရာ | ချေးငွေဆိုင်ရာစံသတ်မှတ်ချက်များ |
|---|---|---|
| ၁။ | ထုတ်ချေးမည့်စီးပွားရေး လုပ်ငန်း | ဆီစက်လုပ်ငန်းများ |
| ၂။ | ထုတ်ချေးမည့်ပမာဏ | Working Capital အတွက် အနည်းဆုံး ကျပ်သန်း(၁၀)<br>Fixed Capital အတွက် အနည်းဆုံး ကျပ်သန်း(၂၀)<br>အများဆုံး ကျပ်သန်း(၃၀၀)အထိ |
| ၃။ | ချေးငွေသက်တမ်း | (က) လုပ်ငန်းသုံးရင်းနှီးငွေ (Working Capital) အတွက်ချေးယူပါက အများဆုံး (၁) နှစ်<br>(ခ) မတည်ရင်းနှီးငွေ (Fixed Capital) အနည်းဆုံး (၅၀%) အသုံးပြုရန်ချေးယူပါက အများဆုံး (၃) နှစ်အထိ [မတည်ရင်းနှီးငွေ (Fixed Capital)တွင် ဆီစက်များ အဆင့်မြှင့်တင်ခြင်း၊ အဆင့်မီစက်ပစ္စည်းများတိုးချဲ့တပ်ဆင်ခြင်း၊ ဆီစက်အသစ်တည်ဆောက်ခြင်း တို့ပါဝင်သည်] |
| ၄။ | အတိုးနှုန်း | (၁)နှစ်လျှင် အတိုးနှုန်း ၅%<br>(၃)လတစ်ကြိမ် ပုံမှန်အတိုးပေးသွင်းရမည်ဖြစ်ပြီး အရင်းပြန်လည်ပေးဆပ်ရန် သတ်မှတ်ထားသည့်ရက်ကျော်လွန်သော ကာလများအတွက် (၁) နှစ်လျှင် အတိုးနှုန်း(၁) ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အတိုးပေးဆပ်ရန်ပျက်ကွက်ပါက ပျက်ကွက်အတိုးအပေါ် စာရင်းပိုထုတ်ချေးငွေအတိုးနှုန်းဖြင့် ပျက်ကွက်ကြေး ကောက်ခံမည်။ |
| ၅။ | အရစ်ကျပေးဆပ်ရမည့် အစီအစဉ် | (က) လုပ်ငန်းသုံးရင်းနှီးငွေ (Working Capital) အတွက်ဆိုင်းငံ့ကာလမရှိပါ။<br>(ခ) မတည်ရင်းနှီးငွေ (Fixed Capital) အနည်းဆုံး (၅၀%) အသုံးပြုရန်ချေးယူပါက ဆိုင်းငံ့ကာလ (၁) နှစ်၊ ပြန်ဆပ်ကာလ (၂) နှစ် ၊ (၆) လ တစ်ကြိမ် (၄) ရစ်ဆပ်ရန် |
| ၆။ | အာမခံမြေနှင့် အဆောက်အဦ အမျိုးအစား | (၁)မြေနှင့်မြေပေါ်ရှိ အဆောက်အဦများကို မရွှေ့မပြောင်းနိုင်သော ပစ္စည်းအဖြစ် သတ်မှတ်သည်-<br>(က) မြေအမျိုးအစား၊ ဘိုးဘပိုင်မြေ၊ ဂရန်မြေ၊ လန(၃၉) မြေ၊ (၃)(ခ)မြေ၊ လယ(၃၀) (က) (ခ)မြေ၊ ပုံစံ(၇)<br>(ခ ) အဆောက်အဦအမျိုးအစား ကွန်ကရစ် တိုက်(RC) ၊ အုတ်ညှပ်အဆောက်အဦ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက်အဆောက်အဦ၊ Steel Structure |

## PFI ဘဏ်များ၏ ချေးငွေအမှုတွဲတွင် ပါဝင်ရမည့် စံသတ်မှတ်ချက်များ

| | | |
|---|---|---|
| ၁။ | ပူးတွဲတင်ပြရမည့် အထောက်အထားများ | (က) ဘဏ်ချေးငွေအဆိုလွှာ<br>(ခ ) လုပ်ငန်းလိုင်စင်များ<br>(ဂ ) ကုမ္ပဏီလုပ်ငန်းဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊ ဒါရိုက်တာများစာရင်း၊ ရှယ်ယာစာရင်း၊အစည်းအဝေးမှတ်တမ်း<br>(ဃ) ဘိုးဘပိုင်မြေ၊ မြေဂရန်၊ လန(၃၉)၊ (၃) (ခ) ၊လယ(၃၀)(က)(ခ)၊ မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆)(မိတ္တူ)<br>(င ) အာမခံပစ္စည်း အဆောက်အဦများ ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ အတွင်း ဓါတ်ပုံများ၊ အာမခံပစ္စည်း တည်နေရာပြမြေပုံ<br>(စ ) ကျမ်းကျိန်လွှာ (မိတ္တူ)<br>(ဆ) ရှေ့နေအစီရင်ခံစာ (မိတ္တူ)<br>(ဇ ) ရာဖြတ်အစီရင်ခံစာ (မိတ္တူ)<br>(ဈ ) လုပ်ငန်းရှင်များ၏ လိုင်စင်ဓါတ်ပုံ၊ မှတ်ပုံတင် (မိတ္တူ)၊ အိမ်ထောင်စုဇယား (မိတ္တူ)<br>(ည) အခွန်ပေးဆောင်မှုအထောက်အထား (မိတ္တူ)<br>(ဋ ) လုပ်ငန်း၏အရှုံးအမြတ်စာရင်းနှင့် လက်ကျန် ရှင်းတမ်း<br>(ဌ) အခြားဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့ အစည်းများမှ ချေးငွေ ရယူထားခြင်း မရှိကြောင်း ငွေချေးသူ၏ ဝန်ခံကတိပြုလွှာ<br>(ဍ ) ချေးငွေအသုံးအပြုမည့် အစီစဉ်<br>(ဎ ) လုပ်ငန်းဆောင်ရွက်နေပုံ၊ ထုတ်ကုန်များ၏ နမူနာဓါတ်ပုံများ၊ လက်ရှိစက်ပစ္စည်းများ စာရင်း၊ ဝယ်ယူမည့်စက်ပစ္စည်း စာရင်းနှင့် ဓါတ်ပုံများ၊ အဆောက်အဦဆောက်မည်ဆိုပါက တွက်ချက်မှုစာရင်းနှင့် ပုံကြမ်း၊ ပြုပြင်မည်ဆိုပါက တွက်ချက်မှု စာရင်း၊ ပုံကြမ်းနှင့် မပြုပြင်မီဓါတ်ပုံများ<br>(ဏ) FDA လက်မှတ်ရရှိထားသော လုပ်ငန်းရှင်များအား ဦးစားပေး ထုတ်ချေးရန် |
| ၂။ | PFI ဘဏ်များမှ ငွေထုတ်ချေးရာတွင် စစ်ဆေးရမည့် အဓိကအချက်များ | (က) ငွေချေးသူ၏ Credit Worthiness/ Credit Rating<br>(ခ ) ချေးငွေပြန်လည်ပေးဆပ်မည့်အစီအစဉ်<br>(ဂ ) ချေးငွေအသုံးပြုမည့် ရည်ရွယ်ချက်<br>(ဃ) အာမခံပစ္စည်း |

| | | |
|---|---|---|
| ၃။ | PFI ဘဏ်များမှ လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခြင်း | (က) လုပ်ငန်း၏ အရည်အသွေးပိုင်းဆိုင်ရာများအားစိစစ်ခြင်း<br>(ခ ) လုပ်ငန်း၏ ဘဏ္ဍာရေးပိုင်းဆိုင်ရာအား စိစစ်ခြင်း<br>(ဂ ) ချေးငွေအသုံးပြုမည့်နည်းလမ်းအား စိစစ်ခြင်း |
| ၄။ | စာချုပ်ချုပ်ဆိုခြင်း | (က) ငွေပေးကတိစာချုပ် (L-28, L-29)<br>(ခ ) စာချုပ်စာတမ်းပေးအပ် အပေါင်စာချုပ် (L-39)<br>(ဂ )ချေးငွေအာမခံစာချုပ် (L-25)<br>(ဃ) ချေးငွေသဘောတူစာချုပ်<br>(င ) ငွေချေးသူ၏ ဝန်ခံချက်<br>(စ ) စက်ပစ္စည်းများအား အာမခံရယူပါက အမှန်းပေါင် (L-23) |
| ၅။ | ချေးငွေ အာမခံပစ္စည်းများ အပေါ် PFI ဘဏ်များမှ အမြင့်ဆုံး ထုတ်ချေးနိုင်သည့် ချေးငွေမာဂျင်သတ်မှတ်ခြင်း | (က) မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ မြေတန်ဖိုး၏ ၇၅%<br>(ခ ) အဆောက်အဦတန်ဖိုး၏ ၆၅%<br>(ဂ) လုပ်ငန်း၏ ခိုင်မာမှု၊ ကောင်းမွန်မှုတို့အပေါ် မူတည်၍ လိုအပ်ပါက တပ်ဆင်ထားသော စက်ပစ္စည်းများအတင်း အကြပ်ရောင်းဈေးတန်ဖိုး၏ ၄၀ % |
| ၆။ | PFI ဘဏ်များမှ PMU သို့ ချေးငွေအမှုတွဲပေးပို့ရာတွင် ပါဝင်ရမည့်အချက်များ | PFI ဘဏ်များမှ ချေးငွေအမှုတွဲ(၁)ခုချင်းစီနှင့် စာရင်းချုပ်အား ဝန်ကြီးဌာနမှ သတ်မှတ်ထားသော Power Point ပုံစံဖြင့် စီမံကိန်းကြီးကြပ်မှုအဖွဲ့ (PMU) သို့ Hard Copy, Soft Copy တို့ဖြင့်ပေးပို့ရန် |